ဗိုလ်ချုပ်သန်းရွှေအကြောင်း စပ်ဆိုတဲ့ ကဗျာပြိုင်ပွဲတခု လုပ်ကြဖို့ တိုက်တွန်းထားတဲ့ Margo's Maid's ShadowLands ရဲ့စိတ်ကူးပါ။ အင်္ဂလိပ်ဘာသာနဲ့ ကဗျာကို စပ်နိုင်သလို မြန်မာဘာသာနဲ့လည်း ပြိုင်ပွဲသပ်သပ် လုပ်လို့ ဖြစ်နိုင်စရာ ရှိပါတယ်။

ဗိုလ်ချုပ်သန်းရွှေရဲ့ ဂုဏ်သိက္ခာကို ထိခိုက်ကျဆင်းစေတယ်လို့ စွပ်စွဲခံရပြီး ထောင်ကျသွားတဲ့ "ကဗျာဆရာ စောဝေ"နဲ့ "ဘလော့ဂါ နေဘုန်းလတ်"တို့ကို ထောက်ခံတာဖြစ်တယ်လို့ ဆိုပါတယ်။

သူတို့နှစ်ဦးရဲ့ ပြောင်မြောက်တဲ့ စာပေအနုပညာ၊ မတရားမှုကို တိုက်ပွဲဝင်ရဲတဲ့ သတ္တိ၊ လွတ်လပ်မှုကို မြတ်နိုးတဲ့ ဆန္ဒ၊ အမှန်တရားဘက်က ရပ်တည်လိုတဲ့ ခံယူချက်၊ အများအကျိုးအတွက် အနစ်နာခံတတ်တဲ့ ပါရမီ၊ လူထုအကြား ထိထိရောက်ရောက် လုပ်တတ်တဲ့ နည်းလမ်းတွေကြောင့် သူတို့ကို နိုင်ငံတကာက သိရှိလာကြပါတယ်။ သူတို့ ထောင်ကျခံရတဲ့အကြောင်းလည်း နိုင်ငံတကာမှာ ဟိုးလေးတကျော် ဖြစ်နေပါတော့တယ်။ သူတို့ကို ဂုဏ်ပြုထိုက်စရာ နည်းလမ်းကောင်းတွေကိုလည်း ရှာဖွေနေကြပါပြီ။

မြန်မာဘလော့ဂါတွေအနေနဲ့ မိမိတို့ ဘလော့ဂ်တွေမှာ ဖိတ်ခေါ် ကဗျာပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲတွေကို အခါအားလျော်စွာ ကျင်းပပေးနိုင်ကြမယ်ဆိုရင် "အာဏာရှင်စနစ် ဆန့်ကျင်ရေး" လူထုနိုးကြားမှုကို ထိထိရောက်ရောက် နိုးဆော်ပေးနိုင်စရာ ရှိပါတယ်။

..................

လွင်အောင်စိုး